Myanmar National Human Rights Commission
e-Newsletter
Vol.1 No.12 December

# SEANF ၏ ၁၉ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပါဝင်တက်ရောက်




နိုဝင်ဘာလ ၂၉ ရက်

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum) ၏ (၁၉) ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးကို SEANF ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသည့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့၌ ဖိလစ်ပိုင်နိုင်ငံ၊ ဇမ်ဘိုအမ်ဂါမြို့၌ hybrid format ဖြင့် ကျင်းပခဲ့ရာ ဖိုရမ်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များက In-person အနေဖြင့် တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှုန်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ဝန်ထမ်း (၃) ဦးတို့က online platform အသုံးပြု၍ ပါဝင်တက်ရောက်ခဲ့ကြသည်။


အစည်းအဝေးတွင် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များက နိုင်ငံမဲ့ဖြစ်မှုကို တားဆီးကာကွယ်ရေးနှင့် နိုင်ငံမဲ့ဖြစ်နေသူများ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခြင်း၊ ဖိုရမ်၏ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး ကာလနောက်ပိုင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့

အစည်းတစ်ရပ်ချင်းအလိုက်၏ ဆောင်ရွက်ချက်များနှင့် အဓိကဖြစ်ပေါ် တိုးတက်မှုကိစ္စရပ်များ တင်ပြဆွေးနွေးခြင်း၊ ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) အကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်း၍ ဦးစားပေး အကြောင်းအရာ (၅) ရပ်အလိုက် တာဝန်ယူထားသည့် ဖိုရမ်အဖွဲ့ဝင်ကော်မရှင်များက ဆောင်ရွက်ထားရှိမှု အခြေအနေများ ဆွေးနွေးတင်ပြခြင်း၊ SEANF နှင့် AI-CHR ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခြင်း၊ SEANF နှင့် Plan International၊ ANNI တို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခြင်း စသည့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသော ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ဖိုရမ်၏ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကာလနောက်ပိုင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် အဓိက ဖြစ်ပေါ်တိုးတက်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသည့် ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ၏ ဦးစားပေးအကြောင်းအရာ (၂) ဖြစ်သော "စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရေး"နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြမှုများ ပြုလုပ်ခဲ့ကြသည်။ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စများနှင့် အထွေထွေဆွေးနွေးမှုများတွင် သုံးသပ်အကြံပြုဆွေးနွေးခဲ့ပါသည်။

နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ဖိလစ်ပိုင်နိုင်ငံလူ့အခွင့်အရေးကော်မရှင်က ၂၀၂၃ ခုနှစ်တွင် ဖိုရမ်၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ဖိုရမ်ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

## APF Virtual Dialogue on Climate Change and Human Rights: Role of NHRIs သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း




နိုဝင်ဘာလ ၁၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော "APF Virtual Dialogue on Climate Change and Human Rights: Role of National Human Rights Institutions" ဆွေးနွေးပွဲကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့၊ ၁၁:၃၀ အချိန်၌ zoom platform အသုံးပြု၍ ကျင်းပခဲ့ပြီး APF အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှုန်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်းနှင့် ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ဝန်ထမ်း (၂) ဦး အပါအဝင် တက်ရောက်သူစုစုပေါင်း (၃၀) ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် APF အတွင်းရေးမှူးချုပ်ရုံး Principal Advisor ဖြစ်သူ Ms. Pip Dargan မှ ဆွေးနွေးပွဲ moderator အဖြစ် ဆောင်ရွက်ခဲ့ကာ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအကြား လူ့အခွင့်အရေးနှင့် ရာသီဥတု ပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများနှင့် ကောင်းမွန်သည့် စံနမူနာကောင်းများကို မျှဝေသွားကြရန်နှင့် Climate change and Human Rights ကိစ္စရပ်များအပေါ် အဖွဲ့ဝင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးသွားရန် ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲ၏ panel session ကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်းသည့် နိုင်ငံ၏ ဆောင်ရွက်မှုအခြေအနေများ၊ ကော်မရှင်၏ Climate Change နှင့်စပ်လျဉ်းသော ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် vulnerable group ဖြစ်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူး Dr.Renante Basas ၊ မော်လ်ဒစ်(ဗ်) လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Ms. Mariyam Muna ၊ အိန္ဒိယနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ Mr. Justice Arun Mishra နှင့် APF မှ အကြံပေးပုဂ္ဂိုလ် Mr. Romulo Nayacalevu တို့က ၎င်းတို့၏ နိုင်ငံအလိုက် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဥပဒေ၊ မူဝါဒချမှတ်ရေး ကိစ္စရပ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ပါဝင်ပူးပေါင်းဆောင်ရွက် ရေးကိစ္စရပ်များ၊ IGM Project ဆိုင်ရာ ကိစ္စရပ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်အခြေအနေနှင့် အခွင့်အလမ်းများကို တင်ပြဆွေးနွေးခဲ့ကြပါသည်။ ယင်းနောက် panelist များ၏ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ တက်ရောက်သူများက ဝိုင်းဝန်း ဆွေးနွေး အကြံပြုခဲ့ကြပြီး နေ့လယ် ၁၃:၀၀ အချိန်၌ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း



နိုဝင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန် အစည်းအဝေးအမှတ်စဉ် (၁၁/ ၂၀၂၂) ကို ၂၅-၁၁-၂၀၂၂ ရက်နေ့တွင် Conferenc Room တွင် မျက်နှာစုံညီကျင်းပခဲ့ရာကော်မရှင်ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၂) ကို ၃-၁၁-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာသန်းမြင့်၊ ဒေါ်နုနုယဉ်နှင့် အထူးဖိတ်ကြားခံရသည့် ကော်မရှင် အဖွဲ့ဝင် ဦးတင်အောင်၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## (၃၃) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း နှစ်ပတ်လည် နေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်ခြင်း

နိုဝင်ဘာလ ၂၀ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၀-၁၁-၂၀၂၂ ရက်နေ့တွင် Hybrid ဖြင့် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် “(၃၃) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား”သို့ Zoom Platform ဖြင့် ကော်မရှင်အဖွဲ့ဝင် ဒေါ်နန့်ယဉ် တက်ရောက်ခဲ့ပါသည်။


## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး၊ ဘုရင့်နောင်) တို့တွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချ



နိုဝင်ဘာလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၃) နှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၇၉၊ ၈၀) တို့ကို ၂-၁၁-၂၀၂၂ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်ထိ Video Conferencing System ဖြင့် သင်ခန်းစာပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ် သင်ခန်းစာများအသီးသီး ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၃) ၌ သင်တန်းသားဦးရေ (၁၂၁) ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၇၉၊ ၈၀) ၌ သင်တန်းသားဦးရေ (၂၃၂) ဦး စုစုပေါင်း သင်တန်းသားဦးရေ (၃၅၃) ဦး တက်ရောက်ခဲ့ကြပါသည်။



## ၂၀၂၂ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အခမ်းအနား တက်ရောက်ခြင်း

နိုဝင်ဘာလ ၂၅ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၅-၁၁-၂၀၂၂ ရက်နေ့တွင် Zoom Application ဖြင့် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် “၂၀၂၂ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အခမ်းအနား” သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင် တက်ရောက်ခဲ့ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် သင်ခန်းစာများ သွားရောက်ပို့ချ

နိုဝင်ဘာ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်လျက်ရှိသော စုံထောက် (အရာရှိ) သင်တန်းအမှတ်စဉ် (၁၉၁/၂၀၂၂) ၌ ၁၄-၁၁-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၂:၃၀ နာရီမှ ၁၄:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအကြောင်း သိကောင်းစရာ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား



ဦးရေ (၁၁၉) ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## 10th Anniversary of ASEAN Human Rights Declaration နှင့် ASEAN Human Rights Dialogue (2022) သို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပါဝင်တက်ရောက်




နိုဝင်ဘာ ၁၉ ရက်

ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ယိမြို့တွင် ၁၈-၁၁-၂၀၂၂ ရက်နေ့မှ ၁၉-၁၁-၂၀၂၂ ရက်နေ့ထိ AICHR (Cambodia) နှင့် AICHR (Indonesia) တို့မှ ပူးပေါင်းကျင်းပခဲ့သည့် 10th Anniversary of ASEAN Human Rights Declaration နှင့် ASEAN Human Rights Dialogue (2022) ကို Hybrid format ဖြင့် ကျင်းပခဲ့ရာ အရှေ့တောင်အာရှ အဖွဲ့ဝင်နိုင်ငံများရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) မှ ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်း အမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေး ကော်မရှင် (ACWC)နှင့် ASEAN အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ကမ္ဘောဒီးယားနှင့် ဖနွမ်းပင်အခြေစိုက် OHCHR ကိုယ်စားလှယ်များ၊ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့သည်။ ၁၉-၁၁-၂၀၂၂ ရက်နေ့၌ ကျင်းပသည့် ASEAN Human Rights Dialogue (2022) သို့ online မှတဆင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်း တက်ရောက်ခဲ့ပါသည်။

အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်း၏ (၁၀) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ၁၈-၁၁-၂၀၂၂ရက်နေ့၌ကျင်းပခဲ့ပြီးASEANအဖွဲ့ဝင်နိုင်ငံများ၏လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စိန်ခေါ်မှုများ၊ အာဆီယံအဖွဲ့၏ နောက်ခံသမိုင်းကြောင်း၊ ASEAN ကြေညာစာတမ်း ပေါ်ပေါက်လာပုံနှင့် ဖနွမ်းပင် ကြေညာချက် ထုတ်ပြန်နိုင်ခဲ့မှုများ၊ အာဆီယံဒေသနှင့်စီးပွားရေးဆိုင်ရာလူ့အခွင့်အရေးဆက်နွယ်မှုများ၊ အာဆီယံပဋိညာဉ်ပါအကြောင်းအရာနှင့်အခက်အခဲစိန်ခေါ်မှုများ၊ အာဆီယံလူ့အခွင့်အရေးစာချုပ်စာတမ်းအကြောင်းတို့ကို ဆွေးနွေးခဲ့ပါသည်။

အာဆီယံလူ့အခွင့်အရေးဆွေးနွေးပွဲ (ASEAN Human Rights Dialogue(2022) ၁၉-၁၁-၂၀၂၂ ရက်နေ့၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုးက Alternate Representative of Myanmar to the AICHR အနေဖြင့် တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် နိုင်ငံအလိုက် လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းများ ဆောင်ရွက်နေမှုများကို အလှည့်ကျဆွေးနွေးပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာယန္တရားနှင့် ဆောင်ရွက်ချက်များ၊ နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်များတွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ခြင်းကိစ္စ၊ UPR လုပ်ငန်းစဉ်တွင် အကြံပြုချက်နှင့် အကောင်အထည်ဖော်မှု အခြေအနေများ ပါဝင်သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ

နိုဝင်ဘာလ ၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လက်နက်ကိုင်ပဋိပက္ခအတွင်းက လေးသူငယ်များအပေါ်ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး ကော်မတီက ဖွင့်လှစ်သည့် “လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ရုံးအဖွဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း” သို့ ၄-၁၁-၂၀၂၂ ရက်နေ့၊ ၁၁:၃၀ နာရီ အချိန်မှ ၁၂:၅၀ နာရီ အချိန်ထိ လူ့အခွင့်အရေးဆိုင် ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။



အဆိုပါသင်တန်းတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ် ဆွေးနွေးပို့ချခဲ့ပါသည်။ သင်တန်းတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ စုစုပေါင်း သင်တန်းသားအရာရှိကြီး (၁၀) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။

## Dialogue between South-East Asia National Human Rights Institutions and Inter-governmental Mechanisms on the Rights to a Healthy Environmental and Climate Change သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တက်ရောက်ခြင်း




နိုဝင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က တွဲဖက်အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်ရေးအဖွဲ့အစည်းများဖိုရမ် (APF) မှ ကြီးမှူး၍ ၂၄-၁၁-၂၀၂၂ ရက်နေ့ မှ ၂၅-၁၁-၂၀၂၂ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် face-to-face format ဖြင့် ကျင်းပ ပြုလုပ်သည့် "Dialogue between South-East Asia National Human Rights Institutions and Inter-governmental Mechanisms on the Rights to a Healthy Environmental and Climate Change"သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးအာကာဟိန်းစိုးနှင့် ဦးဇေယျာလင်းတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကို သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပစိဖိတ်နှင့် အရှေ့တောင်အာရှဒေသတွင်းရှိ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အစိုးရချင်းဆိုင်ရာအဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံရေး ခိုင်မာလာစေနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရေး အားကောင်းလာစေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများက ယင်းတို့၏ နိုင်ငံအလိုက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုများနှင့် မျှတကောင်းမွန်သော ပတ်ဝန်းကျင်ဖြစ်စေရေး လုပ်ငန်းအစီအမံဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

---

## ၂၀၂၂ ခုနှစ်၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၏ ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေး တက်ရောက်ခြင်း



နိုဝင်ဘာလ ၂၉ ရက်

ပြည်ထဲရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၉-၁၁-၂၀၂၂ ရက်နေ့တွင် Virtual စနစ်ဖြင့် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် "၂၀၂၂ ခုနှစ်၊ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၏ ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေး"သို့ ဥပဒေရေးရာဌာန၊ ဌာနတာဝန်ခံ ဒေါ်ဖြိုးသီရိဝင်း (ညွှန်ကြားရေးမှူး) တက်ရောက်ခဲ့ပါသည်။

## အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) နေပြည်တော်၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



နိုဝင်ဘာလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်တို့သည် အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် (၄၉) နေပြည်တော်တွင် ဖွင့်လှစ်လျက်ရှိသော ဒုတိယကြီးကြပ်ရေးမှူးသင်တန်းအမှတ်စဉ် (၁၃) ၌ ၂-၁၁-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၂:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။

သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် ဦးစီးအရာရှိ ဦးကောင်းခန့်ဇင်တို့က လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ (၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။



## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချ

နိုဝင်ဘာလ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီက ဖွင့်လှစ်သည့် “ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း” သို့ ၁၀-၁၁-၂၀၂၂ ရက်နေ့၊ ၁၃:၀၀ နာရီအချိန်မှ ၁၄:၀၀ နာရီ အချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ဆွေးနွေး ပို့ချခဲ့ပါသည်။ သင်တန်းတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ စုစုပေါင်း သင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။



## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဌာနမှ တိုင်တန်းချက် (၂၄) စောင် လက်ခံရရှိခဲ့ပါသည်။ စက်တင်ဘာလ တိုင်တန်းချက် လက်ကျန် (၃) စောင်၊ စုစုပေါင်း တိုင်တန်းချက် (၂၇) စောင် ရှိပြီး၊ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် ( ၄ ) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။ တိုင်တန်းချက် ( ၈ ) စောင်ကို ကာယကံရှင် တိုင်ကြား သူများထံသို့ ကော်မရှင်မှ အကြံပြုချက်နှင့်အတူ ပြန်ကြားခဲ့ပါသည်။ တိုင်တန်းချက် ( ၁၅ ) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရ ပိုမို သင့်လျော်သော နည်းလမ်းဖြင့် ကုစားနိုင်ခြင်း သို့မဟုတ် ကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်သည့် နည်းလမ်းများ ရှိ၍လည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ် နှင့်မညီညွတ်၍လည်းကောင်း၊ အထောက်အထား စာရွက်စာတမ်းများ မပြည့်စုံ၍ လည်းကောင်း၊ ယခင်ဆောင်ရွက် ပြီးဖြစ်၍လည်းကောင်း မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ ပါသည်။

## 2nd Sessinon of 2022 Asia-Pacific Partnership Meeting of Child Rights Coalitions and Networks အစည်းအဝေး တက်ရောက်ခြင်း

နိုဝင်ဘာလ ၃ ရက်

Child Rights Coalition Asia မှ ဦးဆောင်၍ ကျင်းပပြုလုပ်သော CRC Asia နှင့် Terre des Hommes-Germany in South East Asia တို့ ပူးပေါင်း၍ ထုတ်ဝေသည့် စာစောင်နှစ်ခု မိတ်ဆက်ခြင်း အစည်းအဝေးကို ၃-၁၁-၂၀၂၂ ရက်နေ့တွင် Zoom Platform ဖြင့် "2nd Session of 2022 Asia-Pacific Partnership Meeting of Child Rights Coalitions and Networks" သို့ ဦးစီး အရာရှိများဖြစ်ကြသော ဒေါ်အေးစန္ဒာမြင့်နှင့် ဒေါ်မြင့်မြင့်စံတို့ တက်ရောက်ခဲ့ပါသည်။

## Consultation with Regional Stakeholders on Sharing Experiences and Good Practices in Torture Prevention အစည်းအဝေး တက်ရောက်ခြင်း

နိုဝင်ဘာလ ၉ ရက်

ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (NHRCT) နှင့် Association of Prevention of Torture (APT) တို့ ပူးပေါင်း၍ ၉-၁၁-၂၀၂၂ ရက်နေ့တွင် Online Platform ကျင်းပပြုလုပ်ခဲ့သည့် "Consultation with Regional Stakeholders on Sharing Experiences and Good Practices in Torture Prevention" သို့ ဦးစီး အရာရှိများဖြစ်ကြသော ဒေါ်မေနှင်းသူနှင့် ဒေါ်အေးစန္ဒာမြင့်တို့ တက်ရောက်ခဲ့ပါသည်။

# ENGLISH SECTION

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo and Bayintnaung)



November 2

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr. Tin Maung Maung Than, Commissioner and U Zaw Lwin Htoo, Director, of the Commission simultaneously gave lectures on human rights via video conferencing at the Company Commander Training Course (No.213) held at Myanmar Army Combat Force School (Bahtoo) and the Courses (No.79 and No.80) at MACFS (Bayintnaung) on 2 November 2022 from 12:00 pm to 3:00 pm.

In doing so, Commissioner Dr. Tin Maung Maung Than delivered the lectures on Human Rights Concept and Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 353 army officers attended the above-mentioned courses; 121 Officers on the Company Commander Training Course on (No.213) Bahtoo and 232 Officers on (No.79 and No.80) Bayintnaung.



## MNHRC Gives Human Rights Lecture at Detective Training School (Insein)



November 14

As part of the human rights promotion and education activities of Myanmar National Human Rights Commission, U Phone Kywel, Director General gave the lectures on human rights at the Detective Officer Training Course (191/2022) held at Detective Training School (Insein) on 14 November 2022 from 12:30 pm to 2:50 pm.

In doing so, Director General U Phone Kywel delivered lectures on the Organization and Functions of Myanmar National Human Rights Commission and related issues on Promotion and Protection of Human Rights. After that the lecturer answered the questions asked by the trainees. A total of 119 officers attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Ministry of Social Welfare, Relief and Resettlement

November 4

As part of the human rights promotion and education activities of the Myanmar National Human Rights Commission, U Zaw Lwin Htoo, Director of the Commission gave a lecture on human rights at "Capacity Building Training for the working group related to Preventing Grave Violations Against Children in Armed Conflict" held at the Ministry of Social Welfare Relief and Resettlement on 4 November 2022 from 11:30 am to 12:15 pm.

In doing so, Director U Zaw Lwin Htoo discussed the matter of Preventing Grave Violations Against Children in Armed Conflict from the perspective of human rights. After that, the lecturer answered the questions asked by the trainees. A total of 10 senior officials from the ministries concerned attended the above-mentioned course.



## MNHRC Gives Human Rights Lecture at the Prison Department (Naypyidaw)



November 2

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Daw Mi Mi Khaing, Deputy Director and U Kaung Khant Zin, staff officer gave lectures on human rights at the Deputy Superintendent Supervisor Course (No-13) held at the prison department office (No.49) Naypyidaw on 2 November 2022 from 12:00 pm to 4:00 pm.

In doing so, Deputy Director Daw Mi Mi Khaing and staff officer U Kaung Khant Zin delivered lectures on Human Rights Concept, Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission. A total of 50 officers attended the above-mentioned course.



## MNHRC Gives Human Rights Lecture at Ministry of Social Welfare Relief and Resettlement



November 10

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Daw Mi Mi Khaing, Deputy Director of the Commission gave a lecture on human rights at "Capacity Building Training for the staff, related to Prevention of and Response to Sexual Violence during the Conflict" held at the Ministry of Social Welfare, Relief and Resettlement on 10 November 2022 from 1:00 pm to 2:00 pm.

In doing so, Deputy Director Daw Mi Mi Khaing discussed the matter of prevention of and response to sexual violence during the conflict from the perspective of human rights. After that the lecturer answered the questions asked by the trainees. A total of 50 officials from the ministry concerned attended the above-mentioned course.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇဗ္ဗူသီရိမြို့နယ်။
ဖုန်း– ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း–၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း–၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း– ၀၄၂၂၉၃၂၇

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*
*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*